ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၄ ၊ အမှတ် ၄ ၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလ ၁ ရက်

## ကုန်သွယ်မှု လွယ်ကူစေရေးအတွက် နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် Blueprint ရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတက်ရောက်




၂၀၁၈ ခုနှစ် ၊ ဒီဇင်ဘာလ (၁၁) ရက်နေ့တွင် ရန်ကုန်မြို့ Sule Shangri-La Hotel ၌ ကျင်းပ ပြုလုပ်သော ကုန်သွယ်မှုလွယ်ကူစေရေးအတွက် နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် Blueprint ရေးဆွဲရေး ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း တက်ရောက်ခဲ့ပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသည်မြန်မာနိုင်ငံ ၊ နိုင်ငံတော် ပြတင်းတစ်ပေါက်စနစ် Blueprint ရေးဆွဲရေး ဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် တွေ့ရှိချက်များအား နိုင်ငံတော် ပြတင်းတစ်ပေါက်စနစ် ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး နှင့် ကော်မတီ အဖွဲ့ဝင်များထံသို့ တင်ပြရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် အကြံပြုထောက်ခံချက်များအား ဆွေးနွေးညှိနှိုင်းရန် ရည်ရွယ်၍ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။

ဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) ၊ ညွှန်ကြားရေးမှူး (MACCS) ၊ အစိုးရဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ ၊ ပုဂ္ဂလိက အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ၊ World Bank မှ ကိုယ်စားလှယ်များနှင့် INGO များမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်အား NRGI New York မှ ကိုယ်စားလှယ်များ လာရောက်တွေ့ဆုံ



၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၃) ရက်နေ့၌ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ အစည်းအဝေးခန်းမ (၁) တွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်အား NGRI New York မှ ကိုယ်စားလှယ်များ လာရောက်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ သယံဇာတကဏ္ဍ ၊ သတ္တုတွင်းကဏ္ဍ အခွန်ကောက်ခံမှု ၊ အခွန်ငွေရရှိမှုနှင့် စပ်လျဉ်း၍ နိုင်ငံတကာမှတွေ့ရှိချက်များကို ဆွေးနွေးရန်နှင့် အကြံပြုချက်များပေးရန် ရည်ရွယ်၍ တွေ့ဆုံခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါ ဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အပါအဝင် ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ အရာထမ်းများနှင့် NGRI New York မှ ကိုယ်စားလှယ်များ စုစုပေါင်း (၁၂) ဦး တက်ရောက်ခဲ့ပါသည်။

# Mekong Dragon ပူးပေါင်းစစ်ဆေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခြင်း



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၊ ကွမ်ကျိုးမြို့တွင် ၂၀၁၈ ခုနှစ် ၊ ဒီဇင်ဘာလ (၁၃) ရက်နေ့မှ (၂၀) ရက်နေ့အထိ Mekong Dragon ပူးပေါင်းစစ်ဆေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား ကျင်းပပြုလုပ်ခဲ့ပြီး မဲခေါင်ဒေသရှိနိုင်ငံများ၏ တရားမဝင်မူးယစ်ဆေးဝါး ကိစ္စရပ်များအား တားဆီးခြင်းဆိုင်ရာ အကြောင်းအရာများ သိရှိစေရန် ၊ ကြုံတွေ့ရသော အတွေ့အကြုံများ ၊ အခက်အခဲများနှင့် စိန်ခေါ်မှုများအတွက် ဖြေရှင်းဆောင်ရွက်ပုံများအား ဝေမျှပေးရန်ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယဉ်မျိုးမင်း တက်ရောက်ခဲ့ပါသည်။

# အကောက်ခွန်မှူး မှ ဦးစီးအရာရှိ ရာထူး အဆင့်တိုး စာမေးပွဲ ကျင်းပခြင်း



အကောက်ခွန်ဦးစီးဌာန ၊ အကောက်ခွန်မှူး ရာထူးအဆင့် မှ ဦးစီးအရာရှိ ရာထူးအဆင့် သို့ တိုးမြှင့်ရေး စာမေးပွဲအား ၂၀၁၈ ခုနှစ် ၊ ဒီဇင်ဘာလ (၅) ရက်နေ့ မှ (၇) ရက်နေ့အထိ ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန ၊ သင်တန်းကျောင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ရာထူးတိုးမြှင့်ရေး စာမေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ အကောက်ခွန်မှူး အဆင့် အမှုထမ်း စုစုပေါင်း (၃၈) ဦး ဖြေဆိုခဲ့ကြပါသည်။

# ဒုတိယအကောက်ခွန်မှူး ရာထူး မှ အကောက်ခွန်မှူးရာထူး အဆင့်တိုး စာမေးပွဲ ကျင်းပခြင်း



အကောက်ခွန်ဦးစီးဌာန ၊ ဒုတိယအကောက်ခွန်မှူး ရာထူးအဆင့် မှ အကောက်ခွန်မှူး ရာထူး အဆင့်သို့ တိုးမြှင့်ရေးစာမေးပွဲအား ၂၀၁၈ ခုနှစ် ၊ ဒီဇင်ဘာလ (၁၅) ရက်နေ့ မှ (၁၈) ရက်နေ့အထိ ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန ၊ သင်တန်းကျောင်းခန်းမနှင့် အမျိုးသားစီမံခန့်ခွဲမှု ဒီဂရီကောလိပ်၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါ ရာထူးတိုးမြှင့်ရေး စာမေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယအကောက်ခွန်မှူးအဆင့် အမှုထမ်း စုစုပေါင်း (၃၁၅) ဦး ဖြေဆိုခဲ့ကြပါသည်။

# ဦးစီးမှူးရာထူး အဆင့်တိုး စာမေးပွဲ ကျင်းပခြင်း



အကောက်ခွန်ဦးစီးဌာန ၊ ဦးစီးမှူး ရာထူးအဆင့်တိုးမြှင့်ရေး စာမေးပွဲအား ၂၀၁၈ ခုနှစ် ၊ ဒီဇင်ဘာလ (၃) ရက်နေ့ မှ (၄) ရက်နေ့အထိ ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန ၊ သင်တန်းကျောင်း ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါ စာမေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ အမှုထမ်း စုစုပေါင်း (၁၈) ဦး ဖြေဆိုခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၇၄၅.၀၁၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ (၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၂၅၂) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၂၇၄၅.၀၁၃) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်




လေဆိပ်တားဆီးမှုအနေဖြင့် (၇) မှု ရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၃၀.၇၈၅) သန်းရှိသည့်အနက် ၈-၁၂-၂၀၁၈ ရက်နေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လေယာဉ် ခရီးစဉ်အမှတ် CI-7915 SF-16406 ဖြင့် တိုင်ပေမှ ရန်ကုန်သို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားခရီးသည်ထံမှ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသော DIETARY SUPPLEMENT (42) Item , (399 Nos) ၊ ခန့်မှန်းတန်ဖိုးကျပ် (၁၃.၉၇၀) သန်းအားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဒီဇင်ဘာလအတွင်း ခန့်မှန်း တန်ဖိုးကျပ် (၂၇၄၅.၀၁၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း




ဆိပ်ကမ်း တားဆီးမှုအနေဖြင့် တားဆီးမှု (၈) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၁၆၀.၆၆၄) သန်းရှိသည့် အနက် ၁၁-၁၂-၂၀၁၈ ရက်နေ့တွင် ထီးတန်းဆိပ်ကမ်း၌ Soe Myanmar Co., Ltd မှတင်သွင်းလာသော Plastic Sheet PE Woven Sheet, 36720.85 Kg အား အကောက်ခွန် စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ID တွင်ကြေညာထားသည်နှင့် ကွဲလွဲစွာတင်သွင်းလာသော Torpoulin (36720.85) Kg အား စစ်ဆေး တွေ့ရှိရသဖြင့် ၊ ခန့်မှန်းတန်ဖိုးကျပ် (၄၉.၀၉၇) သန်းခန့်အားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဒီဇင်ဘာလအတွင်း ခန့်မှန်း တန်ဖိုးကျပ် (၂၇၄၅.၀၁၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း




နယ်မြေတားဆီးမှုအနေဖြင့် တားဆီးမှု (၂၃၇) မှုရှိ၍ စုစုပေါင်း ခန့်မှန်းတန်ဖိုးမှာကျပ် (၂၅၅၃.၅၆၄) သန်းရှိသည့်အနက် ၈-၁၂-၂၀၁၈ ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ် (၁) စီး၏အောက်ကြမ်းခင်းတွင် အံဝှက်ပြုလုပ်၍ လည်းကောင်း၊ Foton Aumark (၆)ဘီး ယာဉ် (၁) စီးပေါ်တွင် ကုန်စုံပစ္စည်းများ နှင့် ဖုံးအုပ်၍ လည်းကောင်း၊ သိုဝှက်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး၊ အပိုင်းအစ၊ ဖြတ်စ ဆိုဒ်စုံ (၂၇၃၀) ကီလိုဂရမ်၊ ပိတောက်ခွဲသား (၀.၉၇၂၄) တန် နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ် (၂) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၂၀၉.၄၁၇) သန်းအား စစ်ဆေးတွေ့ရှိ၍တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၇၄၅.၀၁၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

## ထူးခြားဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၀-၁၂-၂၀၁၈ ရက်နေ့တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင် ယာဉ် (၁) စီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး၊ အပိုင်းအစ၊ ဖြတ်စဆိုဒ်စုံ (၁၈၉၇) ကီလိုဂရမ် နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ် (၁) စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၆၉.၈၅) သန်းအားစစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဒီဇင်ဘာလအတွင်း ခန့်မှန်း တန်ဖိုးကျပ် (၂၇၄၅.၀၁၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

## ထူးခြားဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၄-၁၂-၂၀၁၈ ရက်နေ့တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ သစ်ဆိပ်ပင်ကျေးရွာ ရှောင်ကွင်းလမ်း နှင့် ကျိုက်ထိုမြို့နယ် လက်ပြကျေးရွာရှိ ဂိုဒေါင်ဝင်းအား ရှောင်တခင်စစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန် နှင့် လျှပ်စစ်ပစ္စည်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၄.၅၆၄) သန်းအားစစ်ဆေး တွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ဒီဇင်ဘာလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | ၁ မှု | ၁ မှု | ၀.၇၄ သန်း |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၅ မှု | ၅ မှု | ၁၈.၂၃၆ သန်း |
| | စုစုပေါင်း | - | ၆ မှု | ၆ မှု | ၁၉.၀၀၃ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၈) ရက်နေ့ မှ (၃၁-၁၂-၂၀၁၈) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၁၇၂) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း (၁၆၅၃.၀၀၅) သန်းအား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့် လူသုံးကုန်ပစ္စည်းများအား အိတ်ပိတ်တင်ဒါနစ်ဖြင့် ရောင်းချခြင်း




စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော လူသုံးကုန်ပစ္စည်း နှင့် လျှပ်စစ်ပစ္စည်းများအား (၁၁-၁၂-၂၀၁၈) ရက်နေ့တွင် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၌ ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦး မှ ဥက္ကဋ္ဌအဖြစ် ပါဝင်သော တင်ဒါရောင်းချရေးအဖွဲ့ဖြင့် စုစုပေါင်း တင်ဒါအုပ်စု (၄) စု အားရောင်းချခဲ့ရာ နိုင်ငံတော် ဘဏ္ဍာငွေ စုစုပေါင်းကျပ် (၅၁.၈၂၅) သန်းရရှိခဲ့ပါသည်။

# ဖမ်းဆီးရမိသည့် ဘီယာမျိုးစုံ ၊ ဆေးဝါးမှတ်ပုံတင်မရှိသော ဆေးဝါးများ ၊ ကွမ်းစားဆေးများနှင့် အလှကုန်ပစ္စည်းများ ဖျက်ဆီးခြင်း



ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန ၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲမှ အများပြည်သူ စားသုံးရန် ၊ သုံးစွဲရန်မသင့်သော ဘီယာမျိုးစုံ ၊ မှတ်ပုံတင်မရှိသော ဆေးဝါးများ ၊ ကွမ်းစားဆေးများနှင့် အလှကုန်ပစ္စည်းများ ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၀.၄၃၁) သန်းခန့်အား (၁၄-၁၂-၂၀၁၈) ရက်နေ့တွင် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ ၊ ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦး ဥက္ကဋ္ဌ အဖြစ်ပါဝင်သော ဖျက်ဆီးရေးအဖွဲ့ဖြင့် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ ရုံးဝင်းအတွင်း စနစ်တကျ ဖျက်ဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ




Water Pump များတင်သွင်းရာတွင် သွင်းကုန်လိုင်စင်လျှောက်ထားရန် လို/မလို မေးမြန်းရာ သွင်းကုန် လိုင်စင်လျှောက်ထားရန် မလိုအပ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။




အချိုရည်များတင်ပို့ရာတွင် Form D ခံစားခွင့်ရရန် မည်ကဲ့သို့ လုပ်ဆောင်ရမည်ကို မေးမြန်းရာ အကောက်ခွန်တွင် Export Declaration ဖွင့်လှစ်ပြီးမှသာ စီးပွားကူးသန်းတွင် Form D ရရှိရန် လျှောက်ထားရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။




နို့နှင့် နို့ထွက်ပစ္စည်းများ တင်သွင်းလိုပါသဖြင့် Duty Rate အား မေးမြန်းရာ အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။



ဂျင်းအစို/အခြောက် များ တင်ပို့လိုပါသဖြင့် Duty Rate အား မေးမြန်းရာ အကောက်ခွန် ၊ ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရန်မလိုအပ်ကြောင်းနှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။